# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ


March 17 , 2023 | Volume 64, Number 12


၁၇.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၈၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြင်ဦးလွင်မှာစိုက်ပျိုးတဲ့ ကမ္ဘာ့အထူးတန်းဝင် ဂေးရှားကော်ဖီ စံချိန်တင်ဈေးကောင်းနေ




Source: https://t.me/htwettoe

မန္တလေးတိုင်း ပြင်ဦးလွင်မြို့မှာ စိုက်ပျိုးတဲ့ ကမ္ဘာ့အထူးတန်းဝင် ဂေးရှားကော်ဖီ အခုနှစ်မှာ စံချိန်တင်ဈေးကောင်းရနေပြီလို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရပါတယ်။

အဆိုပါကော်ဖီက ကုန်းမြင့်ကော်ဖီ အမျိုးအစားဖြစ်ပြီး အခုနှစ် ကော်ဖီဆွတ်ခူးချိန်မှာ အခြားအမျိုးအစား ကော်ဖီတွေက တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၆ ဒေါ်လာသာရပေမယ့် ဂေးရှားကော်ဖီကတော့ တစ်ကီလိုကို အမေရိကန်ဒေါ်လာ ၂၀ အထိ ဈေးရတယ်လို့ သိရပါတယ်။"ဒီနှစ် ဂေးရှားကော်ဖီကို အမေရိကန်ဒေါ်လာ ၂၀ နဲ့ဝယ်တာ စံချိန်တင်ဈေးကောင်းရတာပါ။ ပြင်ဦးလွင်မှာလည်း ၁၀ ဧကအောက်လောက်ပဲစိုက်ထားတယ်။ ဂေးရှားကော်ဖီမျိုးက ကမ္ဘာ့အကောင်းဆုံးကော်ဖီ နိုင်ငံခြားက တင်သွင်းတာတဲ့မျိုးဖြစ်ပြီး မူရင်းနိုင်ငံကတော့ ပနားမားကပါ"လို့ ကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ အထူးတန်းဝင်ကော်ဖီကို ဥရောပနိုင်ငံတွေကို တင်ပို့ရောင်းချလေ့ရှိပြီး ထိုင်းနိုင်ငံကိုတော့ ကော်ဖီစိမ်းအဓိကတင်ပို့တယ်လို့ သိရပါတယ်။ကော်ဖီရာသီအချိန်အတွင်း ပြည်ပက အော်ဒါမှာယူတဲ့ အထူးတန်းဝင်ကော်ဖီတွေကို ဧပြီလနဲ့မေလအတွင်း စတင်တင်ပို့တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ အထူးတန်းဝင် ကော်ဖီတွေကို အဓိကအားဖြင့် ပြင်ဦးလွင်၊ ရှမ်းပြည်နယ်နဲ့ချင်းပြည်နယ်တို့မှာ စိုက်ပျိုးလေ့ရှိတယ်လို့ သိရပါတယ်။

**Source: https://t.me/htwettoe**

## ကွန်တိန်နာယာဉ် ငှားရမ်းခများ ဈေးနှုန်းတိုးမြှင့်သတ်မှတ်

လာမည့် မတ် ၂၀ ရက်မှစတင်ပြီး ကွန်တိန်နာယာဉ် ငှားရမ်းခနှုန်းထားများကို ကာလအခြေအနေနှင့် ကိုက်ညီသည့်နှုန်းထားများအဖြစ် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းမှသိရသည်။ ယခုကဲ့သို့ ပြင်ဆင်ခြင်းသည် လက်ရှိယာဉ်ငှားရမ်းခနှုန်းထားများမှာ ကာလကြာရှည်သတ်မှတ်ခဲ့သည့်နှုန်းထားများဖြစ်နေပြီး ယာဉ်သုံးစွဲမှုနှင့် ကုန်ကျစရိတ်များ၊ ယာဉ်နှင့်ဆက်စပ်ပစ္စည်းဈေးနှုန်းများ မြင့်တက်နေသောကြောင့် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဈေးနှုန်းတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြင်ဆင်သတ်မှတ်လိုက်သည့်နှုန်းထားများမှာ သယ်ယူပို့ဆောင်ခသီးသန့်သာဖြစ်ပြီး လမ်း၊ တံတား၊ Toll Gate ကြေး၊ အခွံချခ၊ အခွံအိတ်၊ အသားအိတ်၊ နေ့ကျော်ကြေးများ၊ ယာဉ်မောင်းပွဲ့ပိုးကြေး (Driver RK)များ၊ တင်ဆောင်သည့် ကုန်ပစ္စည်း အာမခံကြေး (Cargo Insurance)များကို ငှားရမ်းကုမ္ပဏီများ၊ လုပ်ငန်းရှင်များက ပေးဆောင်ရမည့် အခြေအနေဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပေ ၂၀၊ ၁၀ ဘီး ကုန်သေတ္တာယာဉ်များအတွက် ယာဉ်နှင့်ကုန် ၂၃ တန်ကျော်ပါကလည်း တန်ပိုကြေး ကျပ် ၂၀၀၀၀ ကို ငှားရမ်းသူများက ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်စာရင်းများအရ ကုန်သေတ္တာသယ်ယူပို့ဆောင် ဝန်ဆောင်မှု ပေးနေသည့် ယာဉ်အစီးရေပေါင်း ၅၀၀၀ ကျော်ရှိနေပြီး အသင်းဝင်ထားသည့် ယာဉ်အစီးရေအနေဖြင့် ၂၇၀၀ ခန့်ရှိကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းမှ သိရသည်။

**Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)**

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၌ ကျင်းပခဲ့သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြား



Source: commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် စတင်အာဏာတည်မည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပခဲ့သည့် ဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း(၈၀)ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ စိမ့်သန္တာထွန်းက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာအေးသီရိဝေက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာပုံစံများ ဖြည့်သွင်းခြင်းနှင့်စပ်လျဉ်း၍ သရုပ်ပြဆွေးနွေးခြင်း၊ AYA Bank နှင့် CB Bank မှ တာဝန်ရှိသူများက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေပေးသွင်းခြင်းဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီးတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: commerce.gov.mm**

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များရောက်ရှိ




Source: commerce.gov.mm

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NPK Motor Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger) 60 KW (၅) စုံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပါသဖြင့် (၁၄-၃-၂၀၂၃) ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

Source: commerce.gov.mm

## မုံရွာဒေသထွက် သရက်သီးစိမ်း (ခေါ်) သရက်ကင်းများ ဈေးကောင်းရလျက်ရှိနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အညာဒေသ၌ ယခုမတ်လပိုင်းတွင် သရက်သီးစိမ်း (ခေါ်)သရက်ကင်းများ စတင်ပေါ်နေပြီဖြစ်ရာ ရာသီစာအဖြစ် စားသုံးသောကြောင့် သရက်ကင်း ဈေးကောင်းရရှိကာ ဝင်ငွေတိုးနေကြောင်း သရက်စိုက်ပျိုးသူများထံမှ သိရသည်။

ယခုအချိန်တွင် ကုန်စိမ်းဈေးကွက်သို့ သရက်သီးစိမ်း (ခေါ်) သရက်ကင်းဈေးမှာ အသီးအနေအထားပေါ်မူတည်၍ သရက်သီး (၁၀)လုံးလျှင် အနိမ့်ဆုံးငွေကျပ် (၁၀၀၀ မှ ကျပ် ၁၅၀၀ )အထိ ဈေးဖြင့် လက်လီရောင်းချရကြောင်း၊ သရက်ကင်း (၁) ပိဿာလျှင် ကျပ် (၉၀၀၀-၁၀၀၀၀) နှုန်းဖြင့် ပွဲစားများက ခြံအရောက်လာရောက်ဝယ်ယူမှုများလည်းရှိကြောင်း၊ စိုက်ပျိုးသော သရက်မျိုးများမှာ ဟင်္သာ၊ ရွှေပို၊ လက်ခုတ်၊ ဝါဆို၊ စိန်တစ်လုံး၊ ပတ္တမြားငမောက်၊ မချစ်စု၊ ပန်းဆွဲ သရက်အမျိုးခွဲ အစုံစိုက်ပျိုးကြကြောင်း သိရသည်။

**Source: DOCA(စစ်ကိုင်း)**

commerce.gov.mm

## မိတ္ထီလာခရိုင်အတွင်း အကျိုးအမြတ်များစွာရရှိသည့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးလာ



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်း ပြည်တွင်းစားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် နေကြာသီးနှံကို မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း စသည့်မြို့နယ်များတွင် မိုးနေကြာ(၃၇၂၃)ဧကနှင့် ဆောင်းနေကြာ(၉၇၂၀)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးသည့်နေကြာမျိုးကွဲများမှာ ဆင်းရွှေကြာ-၂၊ ရေဆင်း ၁ စပ်မျိုးနှင့် Black Sunflower မျိုးများကို သီးသန့်စိုက်ခင်းများဖြင့်လည်းကောင်း၊ အခြားသီးနှံများနှင့်ရော၍ ပင်ကြား၊ တန်းကြား သီးညှပ်စိုက်ပျိုးခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ၊ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးမှုဖြင့် စိုက်ပျိုးကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိုးနေကြာကို မိုးဦးကာလ မေ၊ ဇွန်လများတွင် စိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် မိုးနှောင်းကာလ ဩဂုတ်၊ စက်တင်ဘာလများအထိ တိုးချဲ့စိုက်ပျိုးကြကြောင်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ တစ်ဧကလျှင် ကျပ်(၂)သိန်းခန့်သာကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ တင်း(၂၀)ကျော်ခန့်ထွက်ရှိပြီး လက်ရှိနေကြာဈေးနှုန်းမှာလည်း တစ်တင်းလျှင် (၃၅၀၀၀) ကျပ်ခန့် ရောင်းချရကြောင်း၊ ဆီကြိတ်ရောင်းလျှင်လည်း နေကြာဆီ တစ်ပိဿာ

လျှင်(၁၂၀၀၀) ကျပ်၊ နေကြာဖတ် တစ်ပိဿာလျှင် (၁၅၀၀၀)ကျပ်ခန့်ရှိသဖြင့် စီးပွားရေးအရတွက်ခြေကိုက်၍ အကျိုးအမြတ်များစွာရရှိသဖြင့် လာမည့်နှစ်များတွင်လည်း နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးလုပ်ကိုင်သူ တောင်သူတစ်ဦးထံမှ သိရသည်။

**Source: DOCA(မန္တလေး)**

commerce.gov.mm

## STOCK EXCHANGE (17.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,787 (Shares) | 10,944,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -200 | -2.41% | 8,100 | 8,100 | 8,100 | 507 | 4,106,700 | 33,109,694 | 268,189 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 696 | 2,195,050 | 38,929,150 | 124,573 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 2,394 | 3,711,750 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 190 | 931,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 17th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 371.28 | -2.66 | -0.71% | 373.09 | 375.04 | 369.34 | 3,787 | 10,944,500 | 7 | 654,228 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 3,787 (Shares) | 10,944,500 (MMK) |

### Main Board

As of 1:00 pm, 17th Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,787 (Shares) | 10,944,500 (MMK) |

| MYANPIX | 371.28 ▼ 2.66 |
|---|---|
| Total Volume (shares) | 3,787 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 654,228 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 200 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |